
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# နံနံပင်ကိုပဲ မုန်းမုန်း
# တေလာဆွစ်ကိုပဲ မုန်းမုန်း
# နိုင်ငံရေးသမားတွေကိုပဲ မုန်းမုန်း
# ဘာကိုပဲ မုန်းမုန်း

သုခမိန်လှိုင်

(Credit: BBC)



mgyoe.com

mgyoe.com




(Credit: Hater)

tkm0008

1500.00 Ks

mgyoe.com

နံနံပင်ကိုပဲ မုန်းမုန်း တေလာဆွစ်ကိုပဲ မုန်းမုန်း နိုင်ငံရေးသမားတွေကိုပဲ မုန်းမုန်း ဘာကိုပဲ မုန်းမုန်း
သုခမိန်လှိုင်
စာမျက်နှာ ၆၈ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# နံနံပင်ကိုပဲ မုန်းမုန်း
# တေလာဆွစ်ကိုပဲ မုန်းမုန်း
# နိုင်ငံရေးသမားတွေကိုပဲ မုန်းမုန်း
# ဘာကိုပဲ မုန်းမုန်း

## သုခမိန်လှိုင်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

နံနံပင်ကိုပဲမုန်းမုန်း
တေလာဆွစ်ကိုပဲ မုန်းမုန်း
နိုင်ငံရေးသမားတွေကိုပဲ မုန်းမုန်း
ဘာကိုပဲမုန်းမုန်း

သုခမိန်လှိုင်

mgyoe.com

mgyoe.com

Translated by
Thit Taw

မျက်နှာဖုံး – စမ်းရေ



mgyoe.com

mgyoe.com

# သုခမိန်လှိုင်

| | | |
|---|---|---|
| ၁၉၄၈ | – | ပြည်မြို့မှာမွေး |
| ၁၉၆၅ | – | ကဗျာများ စတင်ရေးသား |
| ၁၉၇၀ | – | ‘ငွှန်လ၏ မိုးရေများ’ကဗျာစာအုပ်ရေးသားပြီးစီး |
| ၁၉၇၂ | – | ‘ငွှန်လ၏မိုးရေများ’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၁၉၇၂–၂၀၀၀ | – | သီချင်းစာသားများ ရေးသား |
| ၂၀၀၀ | – | ‘ပင်လယ်စီးခြင်း’တစ်ကိုယ်တော်ပန်းချီပြပွဲ(ပထမအကြိမ်) ပြသ |
| ၂၀၀၂ | – | ‘သားပြန်လာပြီအမေ’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၀၃ | – | ‘ပင်လယ်မှာ ပျောက်ဆုံးသွားသော အရာ’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၀၄ | – | ‘ရတနာသိုက်’(စကားပြေများ) ထုတ်ဝေခဲ့ |
| ၂၀၀၈ | – | ‘အင်ဒီဝါးဟိုးလ်တို့ကမ္ဘာ’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၀၈ | – | ‘အငြိမ့်’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၀၉ | – | Nothing in တစ်ကိုယ်တော်ပန်းချီပြပွဲ ပြသခဲ့ |
| ၂၀၁၀ | – | ‘ပင်လယ်စီးခြင်း’တစ်ကိုယ်တော်ပန်းချီပြပွဲ(ဒုတိယအကြိမ်)ပြသခဲ့ |
| ၂၀၁၀ | – | ‘လက်နှိပ်စာတ်မီးထိုးပြီး ရေးတဲ့ကဗျာ’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၁၁ | – | ‘ပိုမို’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၁၂ | – | ‘ပုစွန်တွေဖတ်ဖို့ကဗျာ’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၁၂ | – | ‘အားလုံးပီကာဆို’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၁၃ | – | ‘ဝေလငါးကဗျာ’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၁၃ | – | ‘ဘဏ်ဓားပြ’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၁၃ | – | ‘ရတနာသိုက်’(စကားပြေ) ဒုတိယအကြိမ် ထုတ်ဝေခဲ့ |
| ၂၀၁၃ | – | ‘အနုပညာနာမည် ခင်မောင်ရင်’ (စကားပြေ) ထုတ်ဝေခဲ့ |
| ၂၀၁၄ | – | ‘ရာဇဝင်’ ကဗျာပေါင်းချုပ်စာအုပ် ထုတ်ဝေခဲ့ |
| ၂၀၁၅ | – | ‘ချစ်သောတောပန်းကလေးများ’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |
| ၂၀၁၆ | – | ‘ဆာရှိမီး’ ကဗျာစာအုပ်ထုတ်ဝေခဲ့ |



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ကျွန်တော့်တွင် အမုန်းများရှိပါသည်။
သို့သော် တစ်ဦးကိုတစ်ဦး သတ်မှဖြစ်မယ်ဆိုသော
နိုင်ငံရေးကို ကျွန် တော် မရွေးချယ်နိုင်ပါ။
ကိုယ့်ကဗျာနှင့် ကိုယ်တာဝန်ယူသော နိုင်ငံရေးကိုသာ
ကျွန်တော် ရွေးချယ်ခဲ့ပါသည်။
ဤအရာမှာ ကျွန်တော် ရွေးချယ်ခဲ့သော
ကဗျာတွင် ပါဝင်ရန် ထပ်မံ အားပြုခဲ့သော
သော့ချက်ပင်ဖြစ်ပါသည်။

သုခမိန်လှိုင်
၂၂ နိုဝင်ဘာ၊ ၂၀၁၁
(ပုစွန်တွေဖတ်ဖို့ ကဗျာစာအုပ်မှ)



mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ချစ်သောစာ | ၁၃ |
| ၁။ | ကိုယ့်ဘုရားကို သူများမုန်းအောင် မလုပ်မိစေနဲ့ | ၁၅ |
| ၂။ | အချစ်နဲ့ကဗျာ | ၁၆ |
| ၃။ | Fighting baby | ၁၇ |
| ၄။ | ချစ်သောဖတ်စာ | ၁၈ |
| ၅။ | မင်းနဲ့ငါ | ၁၉ |
| ၆။ | အမုန်း | ၂၀ |
| ၇။ | ကိုယ့်ခရီး | ၂၁ |
| ၈။ | သေမလား၊ ရှင်မလား | ၂၂ |
| ၉။ | မုန်လာဥ | ၂၃ |
| ၁၀။ | မြို့ကလေး | ၂၄ |
| ၁၁။ | အဖြစ်မှန် | ၂၅ |
| ၁၂။ | ချစ်တတ်တဲ့ အနုပညာ | ၂၆ |
| ၁၃။ | ပြင်သစ်ကဗျာ | ၂၇ |
| ၁၄။ | မဟုတ်ရင် | ၂၈ |
| ၁၅။ | ဘဲဥ | ၂၉ |
| ၁၆။ | လမ်း၌တွေ့သောတရား | ၃၀ |
| ၁၇။ | ဖြစ်ပြီ | ၃၁ |
| ၁၈။ | နံနံပင်ကိုပဲ မုန်းမုန်း | ၃၂ |
| ၁၉။ | Upgrade | ၃၃ |
| – | အဆုံးသတ်သို့ | ၃၄ |


❑



mgyoe.com

# ချစ်သောစာ

mgyoe.com

အချစ်ရဲ့ အမုန်းကိုလှည့်ရေးခြင်းပဲဖြစ်ပါသည်။
အမုန်းက ပိုင်နေသော ကမ္ဘာကို ခံစားခဲ့ရပါသည်။
ကိုယ်တိုင် ချစ်ရာမှ မုန်းသွားပြီး လက်နက်မကိုင်သော
စစ်ပွဲထဲမှာ ပါဝင်သွားသော ကမ္ဘာလည်းဖြစ်ပါသည်။
ဘာသာရေး၊ နိုင်ငံရေး၊ လူမျိုးရေးမှာ မုန်းကြရာမှ
အနုပညာ ကဗျာမှာပါ ကိုယ်နှင့်မတူလို့ မုန်းသောအမုန်းကို
တွေ့မိသွားသောအခါ မာယာဂေဟာစကို၊ [illegible] ယာပလာသို့၊
ကိုအိန်း၊ ကိုငြိမ်းတို့ကို သက်သူတွေမှာ မုန်းသူတွေမပါတော့၊ သူတို့
ချစ်သူတွေဖြစ်နေမှုကို တွေ့ရပါတော့သည်။
ကိုယ်ကြိုက်တဲ့ အသင်းနိုင်စေချင်ပြီး၊ ကိုယ်ကြိုက်တဲ့
အသင်းမနိုင်နိုင် မှန်းသိမှ လှည့်ထွက်လို့မရသော လှည့်ကွက်
လည်းဖြစ်ပါသည်။
ကုလသမဂ္ဂမှာ၊ စာအုပ်များမှာ၊ မိန့်ခွန်းများမှာ၊ [illegible]
ဆွေးနွေးပွဲများမှာ အမှာစကားများ၊ အနုပညာများ၊ မတော်ကောင်း မိုးပျံနေ
များ၊ နားထောင်ကောင်းကောင်း၊ ကြည့်ကောင်းကောင်း၊ တစ်ရှိန်းတစ်စ ရှိ
ကြာပါလိမ့်ဦးမည်။ ကျန်ခဲ့တဲ့မှ ကျန်နေခဲ့တော့ ခိုကောင်းမင်းဖြစ်ပြီ။
ထွက်လာနိုင်ပါဦးမည်လား။ ရှုပါမင်း မဖြစ် ... ကမ္ဘာကြီးတစ်ခုလုံး
ကျောင်းသင်ခန်းစာများထဲမှ မရပဲ၊ ကိုယ့်ကဗျာသည် ဘယ်သူ့ကို
ဝေန်းသုန်းကား အသင်ခံရသော ကိုယ့်ကဗျာ
ဘယ်အရာကို အနိုင်တိုက်ဖို့ပါလဲ။
ဖေဖော်ဝါရီ ဗယ်လင်တိုင်းနေ့မှာ ... ဖြစ်ပါသည်။
ရေးမိနေသော အချစ်စာလည်းဖြစ်ပါသည်။

[signature]

၁၄ ဖေဖော်ဝါရီ ၂၀၁

mgyoe.com

mgyoe.com

## ချစ်သောစာ

အချစ်နဲ့အမုန်းကို လှည့်ရေးခြင်းပဲဖြစ်ပါသည်။

အမုန်းက ပိုနိုင်နေသော ကမ္ဘာကို ခံစားခဲ့ရပါသည်။

ကိုယ်တိုင် ချစ်ရာမှ မုန်းသွားပြီး လက်နက်မကိုင်သော စစ်ပွဲထဲမှာ ပါဝင်သွားသော ကမ္ဘာလည်းဖြစ်ပါသည်။

ဘာသာရေး၊ နိုင်ငံရေး၊ လူမျိုးရေးမှာ မုန်းကြရာမှ အနုပညာကဗျာမှာပါ ကိုယ်နှင့်မတူလို့ မုန်းသောအမုန်းကို တွေ့မိသွားသောအခါ မာယာကော့စကီ၊ ဆီလ်ဗီယာပလာ့သ်၊ ကိုဘိန်း၊ ကိုငြိမ်းတို့ကို သတ်သူတွေမှာ မုန်းသူတွေမဟုတ်၊ သူတို့ချစ်သူတွေ ဖြစ်နေပုံကို တွေ့ရပါတော့သည်။

ကိုယ်ကြိုက်တဲ့အသင်း နိုင်စေချင်ပြီး ကိုယ်ကြိုက်တဲ့အသင်း မနိုင်နိုင် မုန်းသိမှ လှည့်ထွက်လို့မရသော လှည့်ကွက်လည်းဖြစ်ပါသည်။

ကုလသမဂ္ဂမှာ၊ စာအုပ်များမှာ၊ မိန့်ခွန်းများမှာ၊ ဆွေးနွေးပွဲများမှာ အမှာစကားများ၊ အနုပညာများ၊ စတေးတပ်စ်များ နားထောင်ကောင်း၊ ကြည့်ကောင်း၊ ဖတ်ကောင်း မိုးပျံနေကြပါလိမ့်ဦးမည်။ ဤအထဲမှ ကျွန်တော် တစ်စွန်းတစ်စ ရှေ့ထွက်လာနိုင်ပါဦးမည်လား။ ရုပ်ပါမင်းမဖြစ် ဒုက္ခမင်း ဖြစ်ပြီ။

ကျောင်းသင်ခန်းစာများထဲမှ မရဘဲ ကမ္ဘာကြီးတစ်ခုလုံး ဝရန်းသုန်းကား အသင်ခံရသော ကိုယ့်ကဗျာသည် ဘယ်သူ့ကို၊ ဘယ်အရာကို အန်တုဖို့ပါလဲ။

ဖေဖော်ဝါရီ ဗယ်လင်တိုင်းဒေးမှာ

ရေးမိနေသော အချစ်စာလည်းဖြစ်ပါသည်။

၁၄ ဖေဖော်ဝါရီ၊ ၂၀၁၇



mgyoe.com

mgyoe.com

၁၀–၂–၂၀၁၇ BBC သတင်းကြောင့်
ဤကဗျာစာအုပ် ဖြစ်လာပါသည်။

Credit : BBC & Hater

ရိုဘတ်စ်အရော ၆၉ နှင့် ၇၀ အား
စာအုပ်အဖွင့်အပိတ် လုပ်ထားပါသည်။

mgyoe.com

mgyoe.com

ကိုယ့်ဘုရားကို သူများမုန်းအောင် မလုပ်မိစေနဲ့

ဘုရားတွေ  မတူတဲ့အခါ
ကိုးကွယ်မှုတွေ  အယူဝါဒတွေ
မတူကြတဲ့အခါ
ကိုယ့်ဘုရားကို  သူများမုန်းအောင်  မလုပ်မိစေနဲ့

mgyoe.com

mgyoe.com

## အချစ်နဲ့ကဗျာ

အချစ်နဲ့ကဗျာ
ဘယ်အရာကို စွန့်မလဲ

ညာလက်နဲ့ ဘယ်လက်
ဘယ်လက်ကိုများ မင်း စွန့်နိုင်မလဲ



mgyoe.com

mgyoe.com

## Fighting baby

ညဆိုရင် အိပ်ရမယ်
ဆံပင်ဆိုရင် ညှပ်ရမယ်
လမ်းဆိုရင် သွားရမယ်
မအိပ်တဲ့ညတွေ
မညှပ်တဲ့ဆံပင်တွေ
လမ်းမဟုတ်ဘဲ သွားမိပြီ

စချင်သလို စလိုက်ပြီး
ဆုံးချင်သလို ဆုံးဖို့ခက်မှ
Fighting baby



mgyoe.com

mgyoe.com

## ချစ်သောဖတ်စာ

စိန်သည် သတ်သေရန် မဟုတ်ပါ
ပင်လယ်သည် သတ်သေရန် မဟုတ်ပါ
ကြိုးသည် သတ်သေရန် မဟုတ်ပါ
အသက်သည် သတ်သေရန် မဟုတ်ပါ
အားလုံးသည်
သတ်သေရန် မဟုတ်ပါ



mgyoe.com

mgyoe.com

မင်းနဲ့ငါ

ဘိန်းပန်းကလေးဟာ မူးလို့ကောင်းတယ်
စတင်တွေ့ရှိသူဟာ ငါပေါ့

ဘိန်းကို ဆေးအဖြစ်
တီထွင်သူဟာ မင်းပေါ့

မင်းနဲ့ငါဟာ
တစ်ယောက်တည်းပေါ့



mgyoe.com

mgyoe.com

**အမုန်း**

အသားမည်းတာကိုတင် မုန်းတာမဟုတ်ဘူး
လေးလုံးစပ်မရေးတာကိုလည်း မုန်းကြတယ်
အမုန်းအားလုံး ကျဆုံးပါစေ



mgyoe.com

mgyoe.com

## ကိုယ့်ခရီး

ကိုယ့်အိမ်ကိုယ် လုံခြုံအောင်သော့ခတ်ပြီး
မလုံခြုံသောရင်ကိုဖွင့်၍
ငါ ရှက်လွှင့်ပြီ

မသေဆေးမရှာပါ
အချစ်ဆိုတာ ကိုယ်ရှာတိုင်းလည်း မရမှန်း ငါနားလည်ပါပြီ
သေချာတာက
ကိုယ့်ခရီးဟာ
အချစ်ခရီးပါ



mgyoe.com

mgyoe.com

**သေမလား၊ ရှင်မလား**

စူနာမိမှာ
နစ်လာသူဟာ
ကိုယ်မုန်းသူမုန်း သိမှ
ဆယ်မလား၊ မဆယ်ဘူးလား
စဉ်းစားစရာ လိုသေးလား

မင်းကိုယ်မင်း
ငါ့ကိုယ်ငါ
ပျောက်ဆုံးတော့မလို နေ့တွေပေါ့



mgyoe.com

mgyoe.com

မုန့်လာဥ

မုန်လာဥနီဖျော်ရည် ကြိုက်တယ်
မုန်လာဥလုပ်တာ မကြိုက်ဘူး



mgyoe.com

mgyoe.com

**မြို့ကလေး**

မြို့ကလေးတစ်မြို့ အမြန်ရောင်းမည်
ကြော်ငြာတွေ့မိလား
ပျင်းနေလို့ရသော
စာသားပါရင်
ငါဝယ်ချင်လို့ပါ



mgyoe.com

mgyoe.com

## အပြစ်မှန်

တကယ်တမ်းမှာ ငါဟာ အပျင်းကြီးသူတစ်ယောက်ပါ
ပျင်းလို့မရလို့ ဒီကဗျာတွေ ငါရေးမိတာပါ



mgyoe.com

mgyoe.com

## ချစ်တတ်တဲ့အနုပညာ

လောကစံတရားရေ
မင်း သင်မပေးဘဲ ငါ မတတ်မြောက်နိုင်ပါဘူး
ချစ်တတ်တဲ့ အနုပညာ၊ ကဗျာ

စစ်ကြီးပြီးအောင်
ရပ်စောင့်နေလို့ မရဘူး



mgyoe.com

mgyoe.com

**ပြင်သစ်ကဗျာ**

အဲဒီကောင်မလေးဟာ အလကားကောင်မလေးပါကွာ
မင်း မကြိုက်လိုက်ပါနဲ့
ငါပဲကြိုက်လိုက်ပါမယ် ဆိုတာမျိုး

လူတွေဟာ
အချစ်လား၊ အမုန်းလား
အမုန်းလား၊ အချစ်လား
မကွဲပြားဘူး

လောကကြီးဟာ
ပြင်သစ်ကဗျာပဲ
ကိုယ်ချစ်ချင်ရင် ချစ်ပစ်လိုက်



mgyoe.com